Karenni National Progressive Party (KNPP)
Headquarters

P.O Box-6, A. Muang, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com
Mobile Phone: G.S: +66(0) 8 9553 1296, S.1: +66(0) 6 1313 7004, S.2: +66(0) 6 3074 9087


## ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၇)ရက်နေ့တွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်နှင့်ပတ်သက်၍ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ အသိပေး ထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၄)ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် အကြမ်းဖက်စစ်တပ်မှ တိုင်းပြည်၏ အာဏာကို သိမ်း ယူပြီးနောက်ပိုင်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် ပြည်သူလူထုနှင့်အတူ တစ်သားတည်း ရပ် တည်ပြီး စစ်အာဏာရှင်နှင့် အာဏာရှင် ဟူသမျှ ချုပ်ငြိမ်းရေးအတွက် အမျိုးသားညီညွတ်ရေး အတိုင်ပင် ခံကောင်စီ (NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ အခြားသော မဟာမိတ် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့်အတူ လက်တွဲ ပူး ပေါင်း၍ အစွမ်းကုန် တိုက်ပွဲဝင်နေသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

ယနေ့အချိန်ကာလသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်အာဏာရှင် ချုပ်ငြိမ်းရေးအတွက် လူထုတစ်ရပ်လုံး ပါဝင်တိုက်ပွဲဝင်နေသည့် လူထုတော်လှန်ရေး အရှိန်အဟုန် အမြင့်မားဆုံး ရောက်ရှိနေသည့်အချိန် ဖြစ်သည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် ကရင်နီပြည်အတွင်း အမျိုးသားသွေးစည်းညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် ၂၀၀၇ ခုနှစ်မှ စတင်၍ လူငယ်များ၏ လက်တွဲ ပူးပေါင်းဖော်ဆောင်မှုကို မဏ္ဍိုင်ပြုလျှက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်မှာ ယနေ့အချိန်ကာလအထိပင် ဖြစ်သည်။

ထို့အတွက်ကြောင့် စစ်အာဏာရှင် အမြန်ဆုံး ချုပ်ငြိမ်းပြီး အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် တော်လှန်တိုက်ပွဲဝင်နေသည့် အဖွဲ့အစည်းတိုင်းတွင် အကြမ်းဖက်စစ်တပ်နှင့်ပတ်သက်၍ ပြတ်သားသည့် မူဝါဒများအား ချမှတ် အကောင်အထည်ဖော်ဆောင်သင့်ပြီး အကြမ်းဖက်စစ်ကောင်စီ သက်ဆိုးရှည်စေရေးအတွက် အထောက်အကူပြုလုပ်ငန်း မှန်သမျှကို တိုက်ဖျက်သွားရန် လိုအပ်ပေသည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၇)ရက်နေ့တွင် သံလွင်အရှေ့ခြမ်းရှိ ဆိုတရားမြို့နယ်၊ ပေါ့အောကျေးရွာအနီး ဖြစ်ပွားခဲ့သော ဖြစ်စဉ်၌ ကရင်နီတပ်မတော် (Karenni Army- KA)၊ ကရင်နီအမျိုးသား

များကာကွယ်ရေးတပ်ဖွဲ့ (KNDF) နှင့်အတူ ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KNPLF) တပ်ဖွဲ့ဝင်များလည်း ပါဝင်ပတ်သက်နေကြောင်း တွေ့ရှိရပါသည်။ မြေပြင်သတင်း အချက်အလက်များအရ စစ်ကောင်စီတပ်များမှ ရိက္ခာသယ်ယူပို့ဆောင်နေပြီး စစ်ရေးလှုပ်ရှားမှုများနှင့် တိုက်ဆိုင် ရှုပ်ထွေးနေသည့် အချိန်ကာလလည်း ဖြစ်သည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းမီဒီယာတွင် ကရင်နီတပ်မတော် တစ်ဖွဲ့တည်းအား မမှန်မကန် စွပ်စွဲပြောဆိုမှုနှင့် ကရင်နီတပ်မတော်အား အလုံးစုံ တာဝန်ယူ၊ တာဝန်ခံစေခြင်းသည် ဖြစ်စဉ်အတွင်း ပါဝင်ပတ်သက်သည့် အဖွဲ့အစည်းများအနေဖြင့် တာဝန်ယူမှုနှင့် တာဝန်ခံမှုများကို ရှောင်လွှဲလိုခြင်းသာ ဖြစ်သည်။ ထို့အပြင် မမှန်မကန် စွပ်စွဲပြောဆို ရေးသားနေခြင်းများသည် အမျိုးသားညီညွတ်ရေးကို တည်ဆောက်ရာတွင် အဟန့်အတားသဖွယ် ဖြစ်ပေါ်စေသကဲ့သို့ လူထုတော်လှန်ရေး အောင်မြင်ရေး အတွက်လည်း ဖင့်နှေးစေသည့် လုပ်ရပ်ပင် ဖြစ်သည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် ဒီဇင်ဘာလ (၁၇)ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အား အများပြည်သူများမှ တိကျ မှန်ကန်စွာ သိရှိနိုင်ရေးနှင့် အဖြစ်မှန် ရှင်းလင်း ထုတ်ပြန်နိုင်ရေး အတွက် သတင်းအမှန် အချက်အလက်စုဆောင်းရေးအဖွဲ့ တစ်ဖွဲ့ကို ကရင်နီတပ်မတော် (Karenni Army-KA)၊ ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KNPLF) နှင့် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်ဖွဲ့ (KNDF) ကိုယ်စားလှယ်များဖြင့် အမြန်ဆုံး ပူးပေါင်း ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ကြေညာအပ်ပါသည်။

ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ